**ဗိုကိုလာရေလှုပ်ရှားမှု**

**အသက်ပေးသည့် နှုတ်တော်ထွက်စကား**

ဧပြီလ ၂၀၁၇

## “ကျွန်ုပ်တို့နှင့်အတူတည်းခိုပါ၊ အဘယ်ကြောင့်ဆိုသော် ညနေစောင်း၍ နေ့တာလည်းကုန်လုနီးပါပြီ” (ရှင်လုကာ၂၄း၂၉)

ယင်းမှာ ခရီးသည်နှစ်ဦးသည် ဂျေရုဆလင်မှ ဧမာဦးသို့သွားရာလမ်းခရီး၌ သူစိမ်းတစ်ဦးနှင့်ဆုံတွေ့ခဲ့ရာဝယ် မေတ္တာရပ်ခံလိုက်သောစကားစုဖြစ်ပါသည်။ သူတို့သည်လွန်ခဲ့သည့်ရက်အနည်းငယ်အတွင်းက မြို့ထဲတွင် ဖြစ်ပျက်ခဲ့သည့်အကြောင်းများကို “ပြောဆိုဆွေးနွေး” နေခဲ့ကြခြင်းဖြစ်သည်။ ထိုသူစိမ်းတစ်ဦးသာလျှင် အဖြစ်အပျက်ဘာတစ်ခုမျှ မသိထားသည့်ပုံပေါ်လျက်ရှိရာ သူတို့က ၎င်းတို့ယုံကြည်အားထားခဲ့သော “ဘုရားသခင်နှင့် လူတို့ရှေ့မှောက်တွင် အပြုအမူနှင့်ဟောပြောချက်တို့၌ တန်ခိုးကြီးသောပရောဖက်ဖြစ်သူ နာဇရက်မြို့သားယေရှုအကြောင်း၊ ရဟန်းအကြီးအကဲများနှင့် အုပ်ချုပ်သူအရာရှိတို့သည် သူ့ကိုသေဒဏ်စီရင်ရန်အပ်နှံကြ၍ လက်ဝါးကပ်တိုင်တင်ကြသည့်အကြောင်းများကို ပြောပြကြသည်။ ၎င်းတို့သည် ထိုသို့သော ကြေကွဲဖွယ်ရာဖြစ်ရပ်ဆိုးအားနားမလည်နိုင်ခဲ့ကြချေ။

၎င်းတို့သည် ခရီးကို အတူတကွဆက်လျှောက်သွားကြရင်း သူစိမ်းပုဂ္ဂိုလ်က ကျမ်းချက်များတွင်ဖော်ပြထားသည့် အတိုင်းအရာအားလုံးဖြစ်ပျက်ခဲ့ကြောင်းကို ထိုသူနှစ်ဦးနားလည်သွားအောင်ဖော်ပြခဲ့ပါသည်။ ထိုဖြစ်ရပ်က သူတို့၏ နှလုံးသားဝယ် တစ်ဖန်နိုးကြားစေခဲ့ပါသည်။ ၎င်းတို့သည် ဧမာဦးသို့ရောက်သောအခါ “ကျွန်ုပ်တို့နှင့်အတူတည်းခိုပါ၊ အဘယ်ကြောင့်ဆိုသော ညနေစောင်း၍ နေ့တာလည်းကုန်လုနီးပါပြီ” ဆိုပြီး သူတို့နှင့်အတူညစာစားဖို့ တိုက်တွန်းခဲ့ပါသည်။ ကိုယ်တော်သည် သူတို့နှင့်အတူ စားပွဲ၌ရှိသောအခါ ပေါင်မုန့်ကိုယူ၍ ကောင်းချီးပေးပြီးမှ ဖဲ့၍ သူတို့အားပေးတော်မူ၏။ ထိုအခါ သူတို့၏မျက်စိများပွင့်လာကြ၍ လက်ဝါးကပ်တိုင်ထက် တင်သတ်ခြင်းခံခဲ့ရသောသူသည် ယခု အမှန်တကယ်ရှင်ပြန်တော်မူသည့် ကိုယ်တော်ရှင်ဖြစ်မှန်းကို သူတို့သည်သိကြလေ၏။ သူတို့သည်လည်း ချက်ချင်းပင်ထ၍ ဂျေရုဆလင်မြို့သို့ပြန်သွားကြပြီးလျှင် တစ်ကျိပ်တစ်ပါးနှင့် သူတို့၏အပေါင်းအဖော်များတို့အားရှာ၍ ထိုသတင်းကောင်းကို ပြောပြကြလေသည်။

အကာအကွယ်မဲ့အပြစ်မဲ့သူတွေ ဘာမျှလုပ်ပိုင်ခွင့်မရှိဘဲ ဆိုးရွားလှသောမတရားစီရင်မှုမျိုး ရင်ဆိုင်ရသည့်အခါ ကျွန်ုပ်တို့သည်လည်းစိတ်ပျက်ခြင်း၊ တုန်လှုပ်ခြင်းနှင့် စိတ်ဓါတ်ကျဆင်းခြင်းများ ဖြစ်နိုင်ပါသည်။ ကျွန်ုပ်တို့၏ကိုယ်ပိုင်အသက်တာသည်ပင်လျှင် နာကျင်မှု၊ မရေရာမသေချာမှုနှင့် မှောင်မိုက်ခြင်းတို့ဖြင့် ကင်းလွတ်သည်မဟုတ်ပေ။ ကျွန်ုပ်တို့အနေဖြင့် မိမိတို့အတွက်သာမက အခြားသူများအတွက်လည်း ထိုအဖြစ်အနေမှ ငြိမ်းချမ်းခြင်း၊ မျှော်လင့်ခြင်း၊ အလင်းအဖြစ်သို့ လွန်စွာမှပြောင်းလဲစေလိုကြပါသည်။ အသက်တာခရီးလမ်း

တစ်လျှောက်လုံးတွင် ကျွန်ုပ်တို့အပေါ် လေးလေးနက်နက်နားလည်မှုပေးနိုင်ပြီး အလင်းပေးနိုင်မည့်သူ တစ်စုံတစ်ယောက်ကို ဆုံတွေ့လိုပါသလား။

ဘုရားအဖြစ်၊ လူ့အဖြစ်ကိုပိုင်ဆိုင်တော်မူသော သခင်ယေရှုသည် ကျွန်ုပ်တို့ရင်ဆိုင်ကြုံတွေ့ရသော ဒုက္ခဝေဒနာလမ်းကို ခံယူခဲ့ပါသည်။ သူသည်ထိုသို့ပြုခဲ့ခြင်းမှာ ကျွန်ုပ်တို့တစ်ဦးတစ်ယောက်စီ၏အဖြစ်အခြေအနေ အစွန်းဆုံးတိုင်အောင် သေချာစွာရောက်ရှိစေလိုသောကြောင့်ဖြစ်သည်။ ကိုယ်တော်ရှင်သည် ကိုယ်ခန္ဓာနာကျင်မှု ဝေဒနာကို ခံယူခဲ့သည်သာမက သူ၏မိတ်ဆွေအပေါင်းအဖော်တို့မှာ သစ္စာဖေါက်ခံရခြင်း၊ သူသည်အစဉ်အမြဲ အဖဟုခေါ်ဝေါ်ခဲ့သော ခမည်းတော်ဘုရားမှ စွန့်ပစ်ခဲ့သည်ဟူသောခံစားချက် စသည့် အတွင်းစိတ်နာကျင်မှုကိုလည်း ခံစားခဲ့ပါသည်။ ဘုရားသခင်၏ချစ်ခြင်းမေတ္တာတော်အပေါ် မယိုင်မလဲထားရှိသော သူ၏ယုံကြည်ခြင်းဖြင့် မိမိကိုယ်ကို အဖဘုရားထံ တစ်ဖန်အပ်နှံခဲ့သည့်အတွက် ထိုကြီးမားလှသည့်ဒုက္ခဝေဒနာအပေါင်းမှ ခံထမ်းကျော်လွှားနိုင်ခဲ့ပြီး ဘုရားရှင်ထံတော်မှ အသက်တာသစ်ကိုရရှိခဲ့ပါသည်။

ကိုယ်တော်ရှင်သည် ကျွန်ုပ်တို့အားလုံးကိုလည်း ထိုလမ်းစဉ်အတိုင်းခေါ်ဆောင်လျက် ကျွန်ုပ်တို့နှင့်အတူ အဖေါ်ပြုလိုပါသည်။ နာကျင်ခံစားရခြင်းနှင့်ပြုရသောအရာတိုင်းတွင် ကိုယ်တော်ရှင်ရှိနေပါသည်။ စိုးရိမ်ပူပင်ကြောင့်ကြမှုများနှင့် ခက်ခဲသောအခြေအနေတိုင်းတွင်လည်းကောင်း၊ အမိုက်မှောင်တွင်ရှိစဉ်အချိန်များတွင်လည်းကောင်း၊ ကိုယ်ရေးကိုယ်တာ စိတ်မကောင်းစရာအဖြစ်များ၊ ကိုယ်နှင့်နီးစပ်သူများနှင့် မိမိပတ်ဝန်းကျင်ရှိလူတို့၏နာကျင်ခံစားရမှုများတို့တွင် သခင်ယေရှုကိုကြိုးစားပြီးသိမှတ်ဝန်ခံပါ။ ထိုနာကျင်မှုခံစားရမှုများသည် ကိုယ်တော်ရှင်ဖြစ်တော်မူ၏၊ အကြောင်းမှာ ထိုအရာကို ကိုယ်တော်ရှင်က ကိုယ်ပိုင်အဖြစ်ထွေးပိုက်ခံယူခဲ့၍ဖြစ်သည်။ ဆင်းရဲနွမ်းပါးသူတို့ထံမှ ကိုယ်တော်ရှင်၏နာကျင်ခံစားရမှုဝေဒနာကို သက်သာစေနိုင်ဖို့၊ ပြည့်ဝစုံလင်သောအသက်တာသစ်ကို ရှိဖွေတွေ့ရှိရန် လက်တွေ့ကျသော အရာတစ်ခုခုပြုလုပ်ခြင်းကပင် လုံလောက်ပေသည်။

(၇)နှစ်အရွယ်ကလေးမလေးတစ်ဦးက “ဖေဖေထောင်ကျသွားတုန်းက သမီးအရမ်းကို ဝမ်းနည်းခဲ့ရတယ်။ သူ့မှာရှိတဲ့သခင်ယေရှုကို သမီးချစ်တယ်လေ၊ ဒါကြောင့်သူ့ဆီသွားလည်တဲ့အခါ သူ့ရှေ့မှာမငိုခဲ့ဘူး။” ဟု သူ့အတွေ့အကြုံကိုဝေမျှခဲ့သည်။ ငယ်ရွယ်သေးတဲ့ဇနီးတစ်ယောက်ကလည်း “ဆရာဝန်က ပြန်ကောင်းလာဖို့မျှော်လင့်ချက်မရှိတော့ဘူးလို့ အဖြေပေးလိုက်ပြီးနောက် ကျွန်မခင်ပွန်း ရောဘတ်ရဲ့ဘဝနောက်ဆုံးလတွေမှာ သူ့နဲ့အတူ အချိန်ပေးခဲ့တယ်၊ အချိန်တိုင်းမှာ သူ့ကိုဘယ်တော့မှပစ်မထားခဲ့ဘူး။ သူ့ကိုကြည့်နေရင် သခင်ယေရှုကိုပဲကျွန်မမြင်တယ်။ ရောဘတ်ဟာ လက်ဝါးကပ်တိုင်ထက်မှာ၊ တကယ့်ကို လက်ဝါးကပ်တိုင်ပေါ်မှာပါ။” ဟု ပြောပြခဲ့ပါသည်။ သူတို့၏အပြန်အလှန်ချစ်ခြင်းမေတ္တာသည် သူတို့၏မိတ်ဆွေအပေါင်းအသင်းများအတွက် အလင်းဖြစ်စေခဲ့သည်၊ အောက်သို့ပစ်မချဘဲ အခြားသူများထံသို့ပြန့်နှံ့စေသည့် ပေါင်းစည်းခြင်းလေပွေ၏ဆွဲယူခြင်း ခံလိုက်ရသောအခါ၊ လူမှုဖွံ့ဖြိုးတိုးတက်ရေးအသင်းအဖွဲ့ *‘Abbraccio Planetario’* (တကမ္ဘာလုံးကို ထွေးပွေ့ခြင်း)အဖြစ်ပေါ်ထွန်းလာစေခဲ့ပါသည်။ ထိုမိတ်ဆွေများထဲမှတစ်ယောက်က “ရောဘတ်နဲ့ပတ်သက်လို့ ကျွန်တော်တို့ရရှိခဲ့တဲ့ အတွေ့အကြုံက ဘုရားသခင်ထံသွားသော စစ်မှန်တဲ့ခရီးလမ်းကြီးမှာ သူ့နောက်လိုက်ဖို့ စိတ်ထက်သန်မှုကိုဖြစ်စေခဲ့ပါတယ်။ ကျွန်တော်တို့ဟာ နာကျင်မှုဝေဒနာ၊ ဖျားနာခြင်းနဲ့ သေခြင်းတို့ရဲ့အဓိပ္ပာယ်ကို မကြာခဏဆိုသလို ကိုယ့်ကိုယ်ကိုမေးခွန်းထုတ်တတ်ကြပါတယ်။ ကျွန်တော်တို့အားလုံးဟာ ရောဘတ်ဖြတ်သန်းခဲ့ရတဲ့ ခရီးလမ်းအတွေ့အကြုံဝေမျှခြင်းကနေ ရှင်းလင်းတဲ့အဖြေတစ်ခုကို ရရှိကြမယ်လို့ ယုံကြည်ပါတယ်။” ဟုပြောကြားခဲ့ပါသည်။

ယခုလအတွက် ခရစ်ယာန်အားလုံးတို့သည် သခင်ယေရှုး၏ နက်နဲဘွယ်ရာ သေခြင်းနှင့်ရှင်ပြန်ထမြောက်ခြင်းကို ကျင်းပကြပါသည်။ ယင်းက နာကျင်ခံစားရခြင်းမှ ချစ်ခြင်းမေတ္တာအဖြစ်သို့ပြောင်းလဲစေရန် အခွင့်ပေးသော ဘုရားသခင်အပေါ်ကျွန်ုပ်တို့၏ယုံကြည်ခြင်းကို ပြန်လည်ဆန်းသစ်ရန်အခွင့်အရေးလည်းဖြစ်ပါသည်။ ဥပက္ခာပြုခြင်း၊ ကွဲကွာမှု၊ ကျရှုံးမှုတစ်ခုချင်းစီနှင့် သေခြင်းသည်ပင်လျှင် ကျွန်ုပ်တို့အတွက် အလင်းတရားနှင့် ငြိမ်သက်ခြင်း၏ အကြောင်းတရားဖြစ်နိုင်ပါသည်။ မည်သည့်အခြေအနေမျိုးမှာပင်ဖြစ်ပါစေ၊ ဘုရားသခင်သည် ကျွန်ုပ်တို့တစ်ဦးချင်းစီနှင့် မည်မျှလောက်နီးကပ်စွာရှိနေသည်မှာ သေချာပါသည်။ ဧမောဦးသို့သွားရာလမ်းခရီးတွင် တပည့်တော်များ ဆိုခဲ့သည့်အတိုင်း “ကျွန်ုပ်တို့နှင့်အတူတည်းခိုပါ၊ အဘယ်ကြောင့်ဆိုသော် ညနေစောင်း၍ နေ့တာလည်းကုန်လုနီးပါပြီ” ဟု ဆက်လက်ပြီး ယုံကြည်ခြင်းနှင့်ဆုတောင်းကြပါစို့။

*Letizia Magri*

*************************************************************